မြင်းကျဒိုးကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မြင်းကျဒိုးကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၄ခုနှစ်

မြင်းကျဒိုးကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြဓြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၅ဘဏ္ဍာရေးနှစ် မှ ၂၀၂၈/၂၉ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


မတ်လ၊ ၂၀၂၅ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မြင်းကျဒိုးကျေးရွာ
ရွာင်မြို့နယ်


မြင်းကျဦးကျေးရွာအုပ်စု မြင်းကျဦးကို သယ်ဆောင်ပြဖြေပုံ
ကုန်းတောင်ဘက်
ဘုရား
အုတ်ဂူကြီးကျောင်း
ဆေးခန်း
စာသင်ကျောင်း
သုသာန်
အိမ်
နိုင်ငံစစ်ကား
တောင်
ကတ္တရာလမ်း
မြေလမ်း
စပ်ကား
ရေပြား
စိုက်ခင်း
လျှပ်စစ်မီး
Transformer
ရုံးခန်း
ရက်ကန်
လယ်ကွင်း
ကျေးရွာ
ဦးရန်ဆွဲ၊ လင်း
29.10.2024



ဖြေးလိုင်းလျှောက်ထားခြင်း – ဖြေးလျှင်မြန်းလျှောက်ထား အတွက် အသုံးပြုသူ သို့တည်း ဆက်သွယ်ရေး ပုံစံ



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

မြင်းကျဒိုးကျေးရွာသည် ရွာငံမြို့နယ် မြင်းကျဒိုးကျေးရွာအုပ်စုတွင် ပါဝင်သည်။ မြင်းကျဒိုးကျေးရွာသည် ရွာငံမြို့နှင့်(၂၂)မိုင်တွင် တည်ရှိသောကျေးရွာ ဖြစ် ပါသည်။ တောင်ကြီး၊အောင်ပန်း၊ရွာငံ ၊မန္တလေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်း (၁)ကျောင်း ၊ ကျေးလက်ကျန်းမားရေးဌာန ခွဲ(၁)ခု ငါးရက်တစ်ကြိမ်ရောင်းချသော စျေးလည်း တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

မြင်းကျဒိုးကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့ရာတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတု ဖောက်တတ်ပါသည်။ သဘာဝအရင်း အမြစ်များ အနေဖြင့် သစ်တောအနည်းငယ်ရှိ၍ သစ် တောပြုန်းတီးလာနေပါပြီ။ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်း အတွေ့ရများသော အပင်များသာ ဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

မြင်းကျဒိုးကျေးရွာတွင် အိမ်ထောင်စုပေါင်း(၅၂၁)စုနှင့် ကျား(၁၁၂၀)၊ မ(၁၁၃၀)ဦး ဖြင့် လူဦးရေ ပေါင်း (၂၂၅၀)ဦး ရှိပါသည်။ ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး ၊ဗမာလူမျိုးအနည်းငယ်လည်း နေထိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် (၈၀%) ရှိပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများလည်း လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး လုပ်ငန်းများ အတွက် အားတက်သ ရောပါဝင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မြင်းကျဒိုးကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ခန့်မှန်း ခြေလယ်မြေ(၇၀၀)ဧကနှင့် ယာမြေ(၈၀၀)ဧက နီးပါးရှိပါ သည်။အဓိကအားဖြင့် ထောပတ်သီး၊ ကော်ဖီ၊ဒိန်ညှင်း၊ခရမ်းချဉ်နှင့် စပါး တို့ကို စိုက်ပျိုးကြပါသည်။ စပါးကို ဝမ်းစာအတွက် စိုက်ပျိုးပြီး စျေးကွက်သို့ ရောင်းချလျက် ရှိပါသည်။ဆင်းရဲသား အိမ်ထောင်စုများသည် နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင် ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဩဇာကို အောင်ပန်းမြို့သို့ သွားရောက် ဝယ်ယူ၍ အသုံးပြုပါသည်။သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တစ်ဆင့် ရောင်းချ လျက် ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မြင်းကျဒိုးကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၁၀၀)စု ရှိပြီး၊ နွားကောင်ရေ (၂၀၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၃၀၀)စု ရှိပြီး ဝက်ကောင်ရေ(၃၀၀)ခန့်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး နွားများကို စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်နိုင်ရန် မွေးမြူကြပြီး၊ဝက်ကိုစုဗူးအဖြစ် မွေးမြူကြသည်။နွားများအတွက် သောက်သုံးရေ အသင့်အတင့်ရှိပါသည်။

(ဂ) ငါးလုပ်ငန်း

မြင်းကျဒိုးကျေးရွာသည် သောက်သုံးရေသာ လုံလောက်သည့် အတွက် ငါးလုပ်ငန်းများ ဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

မြင်းကျဒိုးကျေးရွာတွင် အိမ်ထောင်စုများသည် မိမိတို့ကိုယ်ပိုင်မြေကွက်များတွင် စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများ၊နေ့စားအင်္ဂါးလိုက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် ပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း ဈေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြခြင်း ဈေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေ ရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ အများအပြားရှိပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြင်းကျဒိုးကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများ ဖြစ်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများထံမှ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးယူပြီး ချေးငွေကို မိသားစုစားဝတ်နေရေး၊ပညာရေး၊ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းများအတွက် အသုံးပြုကြသည်။မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ ချေးငွေများလည်း ရရှိပြီး ကော်ဖီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

မြင်းကျဒိုးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော် ကား၊မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီများကို အဓိကထား အသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျှင်မြန်လျက်ရှိသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

မြင်းကျဒိုးကျေးရွာလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရ အလွန် ခက်ခဲပါသည်။

(ခ) ကျေးရွာမီးလင်းရေး

မြင်းကျဒိုးကျေးရွာတွင် အစိုးရလျှပ်စစ်မီး အသုံးပြုကြပါသည်။

(၈) သတင်းနှင့် ဆက်သွယ်ရေး

မြင်းကျဒိုးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ရေဒီယိုနှင့် တီဗွီတို့မှ ရရှိပါသည်။

၆။ ပညာရေး

မြင်းကျဒိုးကျေးရွာတွင် အထက်တန်းကျောင်း သင်ကြားရပါသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလေ့လာကြသော်လည်း ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်ကြပါ သည်။ အထက်တန်း တက္ကသိုလ် ပညာတတ်မြောက်သူ အနည်းငယ်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

မြင်းကျဒိုးကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးလက်ကျန်းမာရေးဌာနမှ ရရှိနိုင်ပါသည်။ရွာသူ/သားများ ကြီးကြီးမားမားရောဂါဖြစ်ပွားပါက ကလောနှင့်ပင်းတယမြို့နယ် ဆေးရုံသို့ သွားရောက်ကြပါသည်။

ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

မြင်းကျဒိုးကျေးရွာတွင်သောက်သုံးရန်အတွက် စိမ့်စမ်းရေသွယ်ယူပြီး မိုးရေ လှောင်ကန်အတွင်းသို့ ထည့်၍ ရွာတွင်း ရေငုတ်များမှ ခွဲဝေ အသုံးပြုကြပါ သည်။

မြင်းကျဒိုးကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မြင်းကျဒိုးကျေးရွာတွင် ယခုလက်ရှိ အချိန်ထိ သဘာဝဘေး အန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပါ။ သို့သော်လည်း တောင်တန်းဒေသဖြစ်သဖြင့် လေတိုက်မှု အန္တရာယ်ကို စိုးရိမ်နေရပါသည်။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများ လည်းမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာရေးဟောပြောပွဲများ လုပ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာလျှင် ကျေးရွာသူ/သားများ အနေဖြင့် ကောင်းကျိုး/ဆိုးကျိုးများ ခွဲခြား လာနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

မြင်းကျဒိုးကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ တန်းတူညီ မျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်လာမှုရှိလာပါသည်။ သာရေးနာရေးလုပ်ငန်းများတွင်လည်း အမျိုးသား/အမျိုးသမီးများ၏ စိတ်ဓါတ်စွမ်းရည်ကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး/ လူမှုရေး/ အုပ်ချုပ်ရေး စသည့်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသား/အမျိုးသမီးများ ပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ် နေပါသည်။

၁၀။ မြင်းကျဒိုးကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ နောက်ဆက်တွဲ(၁)

ကျေးရွာအုပ်စုအမည်- မြင်းကျဒိုးကျေးရွာအုပ်စု ကျေးရွာအမည်-မြင်းကျဒိုးကျေးရွာ

လ	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ဖွံ့ဖြိုးရေး	ဘုန်းကြီးကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းခင်းရန် လိုအပ်ခြင်း	ကွန်ကရစ်လမ်းခင်းခြင်း	
၂။	ဖွံ့ဖြိုးရေး	ကုန်စည်များ စီးဆင်းမှု မြန်ဆန်စေရန် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	
၃။	ဖွံ့ဖြိုးရေး	အစည်းအဝေးများ တွေ့ဆုံပွဲများအတွက် ဘက်စုံသုံးခန်းမ တည်ဆောက်ရန် လိုအပ်ခြင်း	ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း	
၄။	ကျန်းမာရေး	ဆေးပေးခန်း လုံခြုံရေးအတွက် အုတ်တံတိုင်းကာရံရန် လိုအပ်ခြင်း	ဆေးပေးခန်း အုတ်တံတိုင်းကာရံခြင်း	
၅။	ဖွံ့ဖြိုးရေး	ယခင် သွယ်တန်းထားသော PVC ရေပိုက်အား သံပိုက်အစားထိုး သွယ်တန်းရန် လိုအပ်ခြင်း	PVC ရေပိုက်အား သံပိုက်အစားထိုး သွယ်တန်းခြင်း	

မြင်းကျဒိုးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂)

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးတင်ထွန်း	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၄၂၄၅၄	၀၉-၂၅၃၇၉၅၀၆၇	
၂	ဦး၀င်းလွင်	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၀၀၃၇၁	၀၉-၈၉၄၂၆၈၆၀၃	
၃	ဒေါ်ဇင်မေထက်	ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၄၃၂၆၁	၀၉-၄၄၁၁၀၂၅၈၀	
၄	ဦးဇော်မင်းထွန်း	၀ယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၇၅၃၆	၀၉-၆၆၂၅၇၉၄၅၆	
၅	ဦးနေထွန်းလင်း	စာရင်းကိုင်	၁၃/ရငန(နိုင်)၀၃၁၂၁၅	၀၉-၂၅၀၄၈၆၂၈	
၆	ဒေါ်လှဌေး	အဖွဲ့၀င်	၁၃/ရငန(နိုင်)၀၃၁၂၆၂	၀၉-၉၆၅၇၃၉၇၆၈	
၇	ဒေါ်စိန်မာကြည်	အဖွဲ့၀င်	၁၃/ရငန(နိုင်)၀၄၁၀၉၆		

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(မြင်းကျဒိုးကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	မိုးရာသီတွင် သွားလာရခက်ခဲခြင်း	ဘုန်းကြီးကျောင်းအဝင်လမ်းဖြစ်၍ သွားလာရလွယ်ကူစေရန် လိုအပ်ခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကွန်ကရစ်လမ်းခင်းခြင်း
၂။	မြေသားလမ်းကျဉ်းခြင်းနှင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်း	ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်အတွက် ကုန်ထုတ်လမ်းလိုအပ်ခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကုန်ထုတ်လမ်းဖောက်လုပ်ြခြင်း
၃။	အစည်းအဝေးများ ပြုလုပ်ရန် ခက်ခဲခြင်း	တွေ့ဆုံပွဲများ အစည်းအဝေးပွဲများ ကျင်းပရန် ခက်ခဲခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
၄။	ကျွဲနွားများ ဝင်ရောက်မှုကြောင့် ဆေးခန်းဝန်းလုံခြုံမှုမရှိခြင်း	ဆေးခန်းသို့ လာပြသော လူနာများနှင့် ဆေးဆရာ/ဆရာမများ လုံခြုံမှုမရှိခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဆေးပေးခန်းအုတ်တံတိုင်းကာရံခြင်း
၅။	သွယ်တန်းထားသော ရေပိုက်များမကြာခဏပျက်စီးခြင်း	ရေပိုက်များမကြာခဏပျက်စီးခြင်း	ကျေးရွာမှ လုပ်အားပေးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	PVC ရေပိုက်အားသံပိုက်အစားထိုးသွယ်တန်းခြင်း

မြင်းကျဒိုးကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁။	ကွန်ကရစ်လမ်းခင်းခြင်း	၁	၂				
၂။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၂		၂			
၃။	ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း	၃			၂		
၄။	ဆေးပေးခန်း အုတ်တံတိုင်းကာရံခြင်း	၄				၂	
၅။	PVC ရေပိုက်အား သံပိုက်အစားထိုး သွယ်တန်းခြင်း	၅					၂